# ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

**ခုံသမာဓိအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ် ( ၂/၂၀၂၃ )

ဦးဇော်မင်းဖြိုးပါ(၂)ဦး ( အလုပ်သမား )
အောင်ချမ်းသာလမ်း၊ (၁၀) ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်။ ၀၉ - ၄၂၅ ၄၃၈ ၉၆၂
} နစ်နာ၍တောင်းဆိုသူ

နှင့်

ဦးကျော်မင်းထက် ( အလုပ်ရှင် )
Myanmar Skyrun International Co.,Ltd
(အထည်ချုပ်စက်ရုံ)
ဒေါ်စိမ်းမို့မို့လွင် (HR မန်နေဂျာ)
( အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
အမှတ်(၆၄)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊
ရွှေပြည်သာစက်မှုဇုန်(၃)၊ အင်းစိန်မြို့နယ်။
၀၉ - ၇၈၃ ၁၇၀ ၉၁၇
} တောင်းဆိုခြင်းခံရသူ

ရက် စွဲ ။ ၂၀၂၃ ခု နှစ်၊ ဖေဖော်ဝါရီ လ ၁၄ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ အမှတ်(၆၄)ရှိ အလုပ်ရှင် ဦးကျော်မင်းထက် ပိုင်ဆိုင်သော Myanmar Skyrun International Co.,Ltd (အထည်ချုပ်စက်ရုံ)၊ အလုပ်ရှင်၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်စိမ်းမို့မို့လွင်(HR မန်နေဂျာ)နှင့် အလုပ်သမား ဦးဇော်မင်းဖြိုးပါ(၂)ဦးတို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၃)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ အမှတ်(၆၄)ရှိ Myanmar Skyrun International Co.,Ltd ( အထည်ချုပ်စက်ရုံ )မှ အလုပ်သမား ဦးဇော်မင်းဖြိုးနှင့် ဦးမျိုးမြင့်ဇော်တို့သည် လုံခြုံရေးတာဝန်ထမ်းဆောင်သူများဖြစ်ပြီး ၎င်းတို့ (၂)ဦးအား လုပ်သားအင်အားလျှော့သည့်အထဲတွင် ပါဝင်ကြောင်း၊ ၂၇-၁၂-၂၀၂၂ ရက်နေ့တွင် ၂၇-၁-၂၀၂၃ ရက်နေ့မှစ၍ အလုပ်ရပ်စဲမည့်နို့တစ်စာကို ရရှိခဲ့ကြောင်း၊ ဒေါ်စိမ်းမို့မို့လွင်(HR မန်နေဂျာ)မှ ၃၁-၁၂-၂၀၂၂ ရက်နေ့ထိ အလုပ်ဆင်းလျှင်လည်းရကြောင်း၊ မဆင်းလျှင်လည်းရကြောင်း ပြောသဖြင့် အလုပ်မဆင်းခဲ့ကြဘဲ ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တိုင်ကြားခဲ့ကြောင်း၊ နစ်နာကြေးနှင့် ပတ်သက်၍ အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံတိုင်ကြားခဲ့ရာ ပြေလည်မှု မရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက် ။ တောင်းဆိုသူ အလုပ်သမား ဦးဇော်မင်းဖြိုးပါ(၂)ဦးအား နို့တစ်ကြေးနှင့် နစ်နာကြေးပေးရန် သင့် / မသင့်။

တွေ့ရှိချက်

၄။ အလုပ်သမား ဦးဇော်မင်းဖြိုးသည် ဒုလုံခြုံရေးမှူးအဖြစ် ၁-၁-၂၀၂၂ ရက်နေ့တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အခြေခံလစာ ကျပ် ၁၈၅,၀၀၀ိ/ ၊ ရက်မှန်ကြေး ကျပ် ၁၀,၀၀၀ိ/- ၊ စုစုပေါင်း ကျပ် ၁၉၅,၀၀၀ိ/- ရရှိခဲ့ကြောင်း၊ ဦးမျိုးမြင့်ဇော်သည် လုံခြုံရေးအဖြစ် ၂၀-၈-၂၀၂၂ ရက်နေ့တွင် စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး အခြေခံလစာ ကျပ် ၁၄၀,၀၀၀ိ/- ၊ ရက်မှန်ကြေး ကျပ် ၁၀,၀၀၀ိ/- ၊ စုစုပေါင်း ကျပ် ၁၅၀,၀၀၀ိ/- ရရှိခဲ့ပါကြောင်း၊ အလုပ်သမား(၂)ဦးသည် ယခင်က တာဝန်ချိန်အတွင်း အိပ်နေခြင်း၊ ဖုန်းသုံးစွဲခြင်းများရှိခဲ့ပြီး ကုမ္ပဏီအနေဖြင့် ပြင်ပလုံခြုံရေးခေါ်သုံးမည်ဖြစ်၍ ၂၈-၁၂-၂၀၂၂ ရက်နေ့တွင် ၎င်းတို့(၂)ဦးအား ၂၈-၁၂-၂၀၂၂ ရက်နေ့မှ ၂၇-၁-၂၀၂၃ ရက်နေ့ထိ နို့တစ်စာပေးခဲ့ကြောင်း၊ အလုပ်သမား(၂)ဦးမှ ၂၆-၁၂-၂၀၂၂ ရက်နေ့ညတွင် လုပ်သားအင်အားလျှော့မည့်အကြောင်းနှင့် နို့တစ်စာပေးသည့်ကိစ္စရပ်အားသိရှိသဖြင့် အလုပ်ထုတ်ပယ်ခြင်းလားမေးရာ ၃၀-၁၂-၂၀၂၂ ရက်နေ့အထိ အစားထိုး အလုပ်ဆင်းရန်၊ လာလျှင်လည်းရကြောင်း၊ မလာလျှင်လည်းရကြောင်း ဒေါ်စိမ်းမို့မို့လွင်(HR မန်နေဂျာ)မှပြောသဖြင့် ၂၉-၁၂-၂၀၂၂ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်တိုင်ကြားခဲ့ကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၅။ အင်းစိန်မြို့နယ်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် တိုင်ကြားချက်အရဖြေရှင်းရာ အချိန်ပိုကြေး၊ အများပြည်သူအလုပ်ပိတ်ရက်၊ လစာကျန်ငွေနှင့် တစ်ပတ်တစ်ရက် ပိတ်ရက်နားရက်အတွက် ဦးမျိုးမြင့်ဇော်မှ ငွေ ကျပ် ၃၇၈,၀၀၀/- ၊ ဦးဇော်မင်းဖြိုးမှ ငွေ ကျပ် ၅၁၃,၆၀၀/- ကို ၅-၁-၂၀၂၃ ရက်နေ့တွင် ပေးချေခဲ့ပြီး နစ်နာကြေးနှင့် နို့တစ်ကြေး ကိစ္စကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၊ အင်းစိန်မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် (၄)ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းခဲ့သော်လည်း ပြေလည်မှု မရရှိခဲ့ကြကြောင်း၊ ဦးဇော်မင်းဖြိုးမှ လုပ်သက်အလိုက်နစ်နာကြေးနှင့် နို့တစ်ကြေးရလိုကြောင်း တောင်းဆိုခဲ့ပြီး ဦးမျိုးမြင့်ဇော်မှ နို့တစ်ကြေး တောင်းဆိုခဲ့ကြောင်း၊ စက်ရုံရှိ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ရှေ့မှောက်တွင် အလုပ်ရှင်နှင့် အလုပ်သမားတို့ညှိနှိုင်းခဲ့ရာ အလုပ်ရှင်မှ နို့တစ်ကြေး (၁၅)ရက်စာစီပေးခြင်းအပေါ် အလုပ်သမားများမှ လက်မခံဘဲ နို့တစ်ကြေးတစ်လစာ ရယူလိုကြောင်းအပေါ် ပြေလည်မှုမရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

၆။ ဦးဇော်မင်းဖြိုးသည် လုပ်သက်အလိုက်နစ်နာကြေးနှင့် နို့တစ်ကြေးရယူလိုပြီး ဦးမျိုးမြင့်ဇော်သည် နို့တစ်ကြေးရယူရန် ဆန္ဒရှိကြကြောင်း၊ အလုပ်ရှင်မှ နို့တစ်ကြေးပေးထားသည့်ကာလတွင် အလုပ်လာဆင်းပါက ရသင့်ရထိုက်သော လုပ်အားခပေးမည်၊ အလုပ်မဆင်းပါက No Work No Pay ဖြစ်ကြောင်း၊ ရက်(၃၀) ကြိုတင်နို့တစ်ပေးရမည်ကို သိပါကြောင်း၊ နို့တစ်တစ်လ အကြောင်းကြားထားကြောင်း၊ ၃၁-၁၂-၂၀၂၂ ရက်နေ့ထိ အလုပ်ဆင်းနိုင်လျှင် ဆင်းဟု ပြောထားကြောင်းနှင့် ၎င်းတို့မှ အလုပ်မဆင်းခဲ့ကြကြောင်း၊ ဥပဒေအတိုင်း လက်ခံလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း အလုပ်ရှင်ကိုယ်စားလှယ်မှ ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၇။ ယခုအငြင်းပွားမှုသည် အလုပ်ရပ်စဲမည်ဖြစ်ကြောင်း နို့တစ်တစ်လကြိုတင်ပေးထားသည့်အပေါ် နို့တစ်ကြေးနှင့် နစ်နာကြေးရလို၍ တောင်းဆိုရာမှ ညှိနှိုင်းမှု မပြေလည်သော အငြင်းပွားမှုဖြစ်ကြောင်း သုံးသပ်ရရှိသည်။

၈။ ဦးဇော်မင်းဖြိုးသည် ၁-၁-၂၀၂၂ ရက်နေ့တွင်လည်းကောင်း၊ ဦးမျိုးမြင့်ဇော်သည် ၂၀-၈-၂၀၂၂ ရက်နေ့တွင်လည်းကောင်း အလုပ်စတင်ဝင်ရောက်ခဲ့ကြပြီး ၂၇-၁-၂၀၂၂ ရက်နေ့တွင် အလုပ်ရပ်စဲမည်ဖြစ်ကြောင်း ကြိုတင်အသိပေးပြီး ၂၈-၁၂-၂၀၂၂ ရက်နေ့မှ ၂၇-၁-၂၀၂၃ ရက်နေ့အထိ နို့တစ်တစ်လပေးခဲ့ကြောင်း တွေ့ရှိရသည်။

၉။ ဦးဇော်မင်းဖြိုးသည် ၁-၁-၂၀၂၂ ရက်နေ့တွင်လည်းကောင်း ဦးမျိုးမြင့်ဇော်သည် ၂၀-၈-၂၀၂၂ ရက်နေ့တွင်လည်းကောင်း အလုပ်စတင်လုပ်ကိုင်ခဲ့ကြောင်းတွေ့ရှိရပြီး ၂၈-၁၂-၂၀၂၂ ရက်တွဲပါစာဖြင့် ၂၇-၁-၂၀၂၃ ရက်နေ့တွင် အလုပ်ရပ်စဲမည့် နို့တစ်စာများတွင် အလုပ်ရှင်

ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်နှင့် ဦးမျိုးမြင့်ဇော်၊ ဦးဇော်မင်းဖြိုးတို့ကိုယ်တိုင် သိရှိလက်မှတ်ရေးထိုးခဲ့ကြောင်း၊ အလုပ်ရပ်နားမှုအတွက် ဥပဒေပါအတိုင်း ဆောင်ရွက်ပါမည်ဟု ဖော်ပြထားကြောင်း တွေ့ရှိပါသည်။ တစ်လကြိုတင် နို့တစ်စာပေးချိန် အလုပ်သမားများ အလုပ်ရှင်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးချိန်တွင် နို့တစ်ကာလအတွင်း အလုပ်လုပ်ကိုင် နိုင်ရေးနှင့် လုပ်အားခပေးရေးအတွက် အလုပ်ရှင်ဘက်မှ ရှင်းပြခြင်း၊ အလုပ်သမားဘက်မှလည်း သေချာစွာမေးသင့်ပြီး နို့တစ်ကာလအတွင်း အလုပ်လုပ်ကိုင်ရန်ပြောကြားရန်နှင့် လုပ်ကိုင် ကြရန် လိုအပ်ကြောင်း၊ ဦးဇော်မင်းဖြိုးပါ(၂)ဦးအား ၂၈-၁၂-၂၀၂၂ ရက်စွဲဖြင့် နို့တစ်တစ်လ ကြိုတင်အသိပေးထားခြင်း၊ အလုပ်သမား (၂)ဦးမှလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်ခြင်း ကြောင့် နို့တစ်ကြေးပေးရန် မသင့်ကြောင်း သုံးသပ်ရရှိပါသည်။

၁၀။ ဦးဇော်မင်းဖြိုးသည် ဒုလုံခြုံရေးမှူးရာထူးဖြင့် ၁-၁-၂၀၂၂ ရက်နေ့တွင် အလုပ်စတင်ဝင် ရောက်ခဲ့ပြီး ၂၈-၁၂-၂၀၂၂ ရက်နေ့အထိကာလအတွက် လုပ်သက်(၆)လကျော်လွန်သဖြင့် လုပ်သက်အလိုက်နစ်နာကြေးအား ဥပဒေအရတွက်ချက်ထုတ်ပေးသင့်ကြောင်းနှင့် ဦးမျိုးမြင့် ဇော်သည် လုံခြုံရေးဝန်ထမ်းအဖြစ် ၂၀-၈-၂၀၂၂ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပြီး ၂၈-၁၂-၂၀၂၂ ရက်နေ့အထိကာလအတွက် လုပ်သက်(၆)လ မပြည့်သေးသဖြင့် လုပ်သက် အလိုက်နစ်နာကြေးကို ဥပဒေအရ တွက်ချက်ထုတ်ပေးရန် မလိုကြောင်း သုံးသပ်ရရှိ၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။

(က) တောင်းဆိုသူ အလုပ်သမား ဦးဇော်မင်းဖြိုးနှင့် ဦးမျိုးမြင့်ဇော်တို့ အား အလုပ်ရှင်က နို့တစ်ကြေးပေးရန် မလိုကြောင်း ဆုံးဖြတ် သည်။

(ခ) အလုပ်သမား ဦးမျိုးမြင့်ဇော်အား လုပ်သက်(၆)လ မပြည့်သေး သဖြင့် လုပ်သက်အလိုက် နစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

(ဂ) အလုပ်သမား ဦးဇော်မင်းဖြိုးသည် လုပ်သက်(၆)လကျော်ပြီးဖြစ် သဖြင့် လုပ်သက်အလိုက်နစ်နာကြေးလဝက်စာ ကျပ် ၉၇,၅၀၀/- ထုတ်ပေးရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၁။ တောင်းဆိုသူအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရီဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

( လစ်လပ် )
အဖွဲ့ဝင်

(ကျင်သိန်း)
အဖွဲ့ဝင်